မန္တလေးမြို့၊ ၃၁ လမ်း၊ သရက်တောဝါးတန်း၊ ခေါင်းဆောင် သတင်းစာတိုက်၌ ရိုက်နှိပ်သည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၅ရက်၊ ကြာသပတေးနေ့၌ ရပ်စဲသည်။]

**ခိုင်ပန်းစုံ၊** **ပြင်စည်မင်းသားကြီး** ရေးဖွဲ့သော ခိုင်ပန်းစုံအစချီ ယိုးဒယား သီချင်း။

**ခိုင်မာ၊ မောင်** [၁၉၄၃-၂၀၀၄] ကဗျာဆရာ။ [အမည်ရင်း ဦးကြည်ခိုင်။ ကျောက်တန်းမြို့နယ်၊ ကဒပ္ပနရွာဇာတိ။ ဦးသွင်၊ ဒေါ်နုတို့၏သား။ ၁၉၆၁ ခုနှစ်တွင် ကရင်ရှေ့ဆောင်ဂျာနယ်၌ကဗျာစရေးသည်။ သိင်္ဂါရင့်ကက်များ၊ ငွေလမင်းကို နမ်းတဲ့ည၊ ဖြစ်တည်မှုပလူတစ်ကောင်၊ ရှင်မရေ ၁/၂၊ စိတ်မှန်တစ်ချပ် သမီးဖတ်ဖို့၊ မင်္ဂလာအလင်္ကာ စသည့်ကဗျာစာအုပ် ၁၄ အုပ်၊ 'ညှော်ခန်းများကို ဖြတ်သန်းခြင်း' အမည်ရှိ ကဗျာခံစားမှုဆောင်းပါး ၁ အုပ် ရေးသားသည်။ ဝံသရက္ခိတ၊ ခိုင်သစ်အမည်တို့ဖြင့်လည်း ဆောင်းပါးများရေးသည်။ ခေတ်ပေါ်ကဗျာရေးဖွဲ့သူအဖြစ် ထင်ရှားသည်။]

**ခိုင်မာလာနှင်းဆီ** [၁၉၉၂] ဒါရိုက်တာ**ဝင်းဦး**နှင့် ကြည်စိုးထွန်းတို့ ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကား။ [ စန္ဒာရုပ်ရှင်က ထုတ်လုပ်သည်။ **ဝင်းဦး**၊ ခင်သန်းနု၊ ရန်အောင်၊ ခိုင်ခင်ဦးတို့ ပါဝင်သရုပ်ဆောင်သည်။ **မှုန်ရွေရည်** ဇာတ်ကား၏ အဆက်ဖြစ်သည်။ ဤဇာတ်ကားရိုက်နေစဉ် ဝင်းဦး ကွယ်လွန်သွားရာ ဒါရိုက်တာ ကြည်စိုးထွန်းက ဆက်လက်ရိုက်ကူးသည်။ ဤဇာတ်ကားဖြင့် ထရမ်းပက်ဝင်းဦးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (တေးဂီတဆု) ရရှိသည်။]

**ခေတ်စမ်းကဗျာများ** [၁၉၃၄] ၁၉၃၀ ပြည့်နှစ်ဝန်းကျင်က ရန်ကုန်တက္ကသိုလ် မြန်မာစာဂုဏ်ထူးတန်း ကျောင်းသားကျောင်းသူတစ်စု ရေးသားခဲ့သည့် ကဗျာများကို စုစည်းဖော်ပြထားသော ကဗျာစာအုပ်။ [ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့သော ကဗျာများ ဖြစ်သည်။ ထိုကဗျာများသည် တေးထပ်၊ ဘောလယ်၊ ရတုစသည့် ဂန္ထဝင်ပုံစံများနှင့်မတူဘဲ လေးလုံးစပ်ကဗျာ၊ အချိုးကဗျာပုံစံတို့ဖြင့် မျက်မြင်နားကြား အတွေ့အကြုံမှ ပေါ်ပေါက်လာသည့် စိတ်ကူးစိတ်သန်းတို့ကို အခြေခံရေးဖွဲ့သည်။ ရေးဖွဲ့စပ်ဆိုပုံ၊ စိတ်ကူးပုံဆန်းသစ်သောကြောင့် ခေတ်သစ်ကဗျာလမ်းကြောင်းကို အစပျိုးခဲ့သော ကဗျာများအဖြစ် ထင်ရှားသည်။ သံချိုကဗျာ